**Message Five**

## အမြင့်ဆုံးအချက်သို့ ရောက်ရှိခြင်း -
## ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၄း၁၅-၁၆။ ကော၊၂း၁၉။ ဆာ၊၃၆း၈-၉။ ဗျာ၊၂း၇။ ၂၁း၁၈-၂၃။ ၂၂း၁-၅

**I. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်းအားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော် စစ်မှန်ခြင်းအဖြစ် ဇိအုန်ကို တည်ဆောက်ရန်ဖြစ်သည်။**

A. သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့၏ ထူးကဲပေါ်လွင်ရာနှင့် လှပရာအဖြစ် ဇိအုန်သည် အသင်းတော်၏ အမြင့်ဆုံးအထွတ်အထိပ်၊ အလယ်ဗဟို၊ မြှင့်တင်ရာ၊ ခွန်အားသန့်စွမ်းရာ၊ ကြွယ်ဝခြင်း၊ လှပခြင်းနှင့် စစ်မှန်ခြင်းအဖြစ် အောင်မြင်သောသူများကို ပုံဆောင်သည် - ဆာ၊၄၈း၂၊ ၁၁-၁၃။ ၅၀း၂။ ၂၀း၂။ ၅၃း၆က။ ၈၇း၂။

B. ဇိအုန်အဖြစ် အောင်မြင်သောသူများသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များ၌ ခရစ်တော်ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းကို ပြီးမြောက်ပြည့်စုံစေကာ၊ ထာဝရကာလ၌ ဘုရားသခင်၏ကိန်းဝပ်ရာအဖြစ် အသန့်ရှင်းဆုံးဌာနဖြစ်သော သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သစ်ကို ယူဆောင်လာသည် - ဗျာ၊၂၁း၁-၃၊ ၁၆၊ ၂၂။

**II. ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းမှာ ဘုရားသခင်သည် လူနှင့်အတူရောနှောပေါင်းစည်းခြင်းအားဖြင့် "ဦးခေါင်းတော်အထဲသို့" ကြီးထွားခြင်းဖြစ်ကာ၊ ယေရုရှလင်မြို့သစ်ကို လုပ်ဆောင်ဖြစ်ပေါ်စေခြင်းမှာ ခရစ်တော်ကိုယ်ခန္ဓာတော် တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် "ဦးခေါင်းတော်အထဲက" လုပ်ဆောင်ခြင်း ဖြစ်သည် - ဝတ်၊၂း၄-၅။ ယော၊၆း၅၇။ ၇း၃၇။ ၁၇း၂၁၊ ၂၃။ ဧ၄း၃-၄က၊ ၁၁-၁၆။ ကော၊၂း၁၉။ ၁ကော၊၃း၆-၁၂က။ ၁၀း၃-၄၊ ၁၇။ ၁၂း၁၂-၁၃။ ဗျာ၊၂း၇။ ၂၁း၉-၁၁။ ၂၂း၁၄၊ ၁၇။**

A. ဘုရားသခင်၏အလိုဆန္ဒမှာ ဒေသန္တရအသင်းတော်များ၌ ထုတ်လုပ်သော ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်၏ ရွေ့ပြေးမှတဆင့် ယေရုရှလင်မြို့သစ်ကို ရယူရန် ဖြစ်သည် - ၂း၇။ ၁၂း၅။ ၁၄း၁-၄။

B. နောက်ဆုံးတွင် ဒေသန္တရအသင်းတော်များသည် ပြီးဆုံးသွားလိမ့်မည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သာ ဘုရားနှင့်လူ၏ တုနှိုင်းရာမဲ့ အပြန်အလှန်ကိန်းဝပ်ရာအဖြစ် အစဉ်အမြဲ တည်နေလိမ့်မည်၊ သို့မှသာ ဘုရားနှင့်လူသည် အတူတကွ လက်ထပ်ထိမ်းမြားခြင်း၊ အတူတကွ ရောနှောပေါင်းစည်းခြင်းနှင့် စုပေါင်းလုပ်ဆောင်ခြင်းရှိကာ၊ တစ်ခုတည်းသော ထုံးဖွဲ့မှု၊ ကြီးမားသည့် စုပေါင်းထားသော ဘုရား-လူဖြစ်လာမည်ဖြစ်သည် - ၁း၁၁-၁၃။ ၂၁း၂-၃၊ ၂၂။ ၂၂း၁၇က။

C. ယေရုရှလင်မြို့သစ်ထံ မှတ်ယူဖော်ပြသောအရာမှန်သမျှသည် ကျွန်ုပ်တို့တစ်ဦးချင်းနှင့် စုပေါင်းခြင်း အတွေ့အကြုံဖြစ်သင့်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ဖြစ်လာရန်နှင့် ယေရုရှလင်မြို့သစ် တည်ဆောက်ခြင်းရှိရန် ဖြစ်၍၊ ယင်းသည် ဘုရားသခင်၏ ထာဝရအကြံအစည်တော် ပြီးပြည့်စုံခြင်းဌာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်းအားဖြင့် ဖြစ်သည်။

**III. ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းမှာ ယေရုရှလင်မြို့သစ် ဖြစ်လာခြင်း ဖြစ်သည်။**

A. ကျွန်ုပ်တို့သည် ရင့်ကျက်သည့်တိုင် ကြီးထွား၍၊ အသင်းတော်၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ယေရုရှလင်မြို့သစ် ဖြစ်လာရန် လိုအပ်သည် - မ၊၁၆း၁၈။ ဟေဗြဲ၊၆း၁က။ ၁၁း၁၀၊ ၁၆။ ဗျာ၊၂၁း၂-၃၊ ၉-၁၁၊ ၁၈-၂၀။ ၈၂း၂၀-၂၂။ ၁ပေ၊၂း၄-၅။ ၁ကော၊၃း၉-၁၀၊ ၁၂။ ယော၊၁၄း၁-၁၂၊ ၂၃။

1. ဘုရားသခင်၏စဉ်းစားခြင်းမှာ လူသည် ကယ်တင်ခံရရန်၊ အပြစ်များမှ ခွင့်လွှတ်ခံရရန်၊ ဘုရားသခင်၏ အသက်ရရန်မျှသာ မဟုတ်ပါ။ ဘုရားသခင်က လူသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ ရင့်ကျက်သည့်တိုင်း အသက်၌ ကြီးထွားခြင်း၊ သူ၌ ခရစ်တော် ပုံပေါ်လာခြင်း၊ သခင်ဘုရား၏ သဏ္ဍာန်တော်သို့ သဏ္ဍာန်တူညီခြင်းရှိလာစေရန် အလိုရှိသည်။ ထိုအခါ လူသည် ထာဝရပရဒိသုဘုံဖြစ်သော ယေရုရှလင်မြို့သစ်ဖြစ်လာရန် တည်ဆောက်ခံရလိမ့်မည်

ဖြစ်သည် - ၂ကော၊၃း၁၈။ ဧ၄း၁၃-၁၅။ ဂလ၊၄း၁၉။ ရော၊၈း၂၉။ ဗျာ၊၂း၇ မှတ်စု ၇။

2. ကျွန်ုပ်တို့၏ ဝိညာဉ် အသစ်တဖန်မွေးဖွားခြင်းသည် တမဟုတ်ချင်း ဖြစ်ပေါ်လာပြီး၊ ကျွန်ုပ်တို့၏ခန္ဓာ ဘုန်းထင်ရှားခြင်းသည်လည်း မျက်စိတစ်မှိတ်အတွင်း ဖြစ်ပေါ်သည် (၁ကော၊၁၅း၅၁-၅၂)၊ သို့သော် ကျွန်ုပ်တို့၏စိတ် (ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒ) ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှာမူ ရှည်လျားသည့် ဖြစ်စဉ်၊ ရှည်လျားလှသော "လိုဏ်ခေါင်း"ဖြစ်ကာ၊ ယင်းကို ကျွန်ုပ်တို့ဖြစ်ကျော်ရမည်ဖြစ်သည်။

3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၌ ကြီးထွားရန် အလိုရှိလျှင် ဘုရားဆိုင်ရာအသက်၏ ဒြပ်သဘာဝသည် ကျွန်ုပ်တို့၌ တိုးပွားလာကာ၊ ဇီဝတွင်းဖြစ်ပျက်မှု ပြောင်းလဲခြင်းကို မွေးထုတ်ပေးသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့၏ အတွင်းပင်ကိုစိတ်သည် ပုံသဏ္ဍာန်ပြောင်းလဲမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏အပြင်ပိုင်း ပုံသဏ္ဍာန်သည် သခင်ဘုရား၏ ပုံသဏ္ဍာန်တော်နှင့် တူညီရန် ပုံသဏ္ဍာန်ပြောင်းလဲလိမ့်မည်ဖြစ်သည် - ၂ကော၊၃း၁၈။

B. ယေရုရှလင်မြို့သစ်သည် ကျွန်ုပ်တို့ထံသို့ မည်သို့ယူဆောင်လျှောက်လှမ်းကြောင်း ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်။ ယေရုရှလင်မြို့သစ်သည် အပြင်ပိုင်းအရာမျှသာမဟုတ်ပါ၊ အနာဂတ်အတွက် တစ်စုံတစ်ရာမျှသာလည်း မဟုတ်ပါ၊ ၎င်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အတွေ့အကြုံ၌ အတွင်းကျကျဖြစ်သောအရာ ဖြစ်သင့်သည် - ညွှန်း၊ ဟေဗြဲ၊၁၂း၂၂က။ ဓမ္မသီချင်း E#824 အပိုဒ် ၇။

1. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါးဝင်ပေါက်ကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ယော၊၃း၃၆က။ မ၊၂၈း၁၉။ ယော၊၁၅း၄က။ ၁၄း၁၇၊ ၂၃။ ကော၊၂း၇က။ ဧ၃း၁၆-၁၉။

2. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါးစေ့စပ်ထုံးဖွဲ့မှုကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ဗျာ၊၂၁း၁၈-၂၀၊ ၃၊ ၁၁၊ ၂၂။

3. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါး ဖြစ်တည်မှုကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ဧ၄း၄-၆။ ဂလ၊၂း၂၀က။ ယော၊၆း၅၇ခ။ ဖိ၊၁း၂၀-၂၁။ ၁ကော၊၁၂း၁၃။ ယော၊၃း၆ခ။ ဗျာ၊၁း၄ခ။

4. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါးအသက်ရှင်ခြင်းကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ယော၊၁း၁၃။ ဧ၄း၁၈။ ၁ယော၊၄း၈၊ ၁၆။ ၁း၅၊ ၂-၃။ ကော၊၂း၉။ ၃း၄။ ဗျာ၊၂း၇။ ဖိ၊၁း၂၀။ ယော၊၁၄း၁၇က။ ၁၅း၂၆။ ၁၆း၁၃-၁၅။ ရော၊၈း၂။ ဗျာ၊၂၂း၁၇ခ။ ဖိ၊၁း၁၉။

5. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါး မွေ့လျော်ဝမ်းမြောက်မှုကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ဗျာ၊၂၁း၂၃။ ၂၂း၅။ ယော၊၁း၄။ ၈း၁၂။ ၁ယော၊၁း၅။ ဗျာ၊၂၁း၁၁။ ၂၂း၂၊ ၁၄။ က၊၂း၉။ ဗျာ၊၂၂း၁၊ ၁၄၊ ၁၇။

6. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ သုံးပါးတစ်ပါးထင်ရှားခြင်းကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် - ၂၁း၉-၁၄၊ ၁၈-၂၁။ ၂၂း၁-၂။

## IV. ယေရုရှလင်မြို့သစ်ကို လုပ်ဆောင်ဖြစ်ပေါ်စေခြင်းမှာ ယေရုရှလင်မြို့သစ်ကို တည်ဆောက်ခြင်းဖြစ်သည်။

A. တမန်တော်များ၏အလုပ် အမြင့်ဆုံးအချက်မှာ ယေရုရှလင်မြို့သစ်ကို လုပ်ဆောင်ဖြစ်ပေါ်စေရန်ဖြစ်သည်။

1. ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးအရ ခရစ်ယာန်အလုပ်၏ တုနှိုင်းရာမဲ့ပန်းတိုင်မှာ ယေရုရှလင်မြို့သစ် ဖြစ်သင့်ပါသည်။

   a. ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်း ပန်းတိုင် - ယေရုရှလင်မြို့သစ် - ကို ကျွန်ုပ်တို့၏ တုနှိုင်းရာမဲ့သော၊ အဆုံးစွန်သော ပန်းတိုင်အဖြစ် ယူဆောင်ရမည်။

   b. ကျွန်ုပ်တို့သည် ဒေသန္တရအသင်းတော်များကို ပန်းတိုင်အဖြစ် မမှတ်ယူဘဲ၊ ဘုရားသခင်၏ ပန်းတိုင်ကို ရောက်ရှိရန် ဖြစ်စဉ်နည်းလမ်းအဖြစ် မှတ်ယူသင့်ပါသည် - အငယ်၊၁၆။ ၃း၇၊ ၁၂။

2. တမန်တော်များသည် သူတို့တည်ဆောက်သောအရာကို အသက်ရှင်ကြသည်။ သူတို့သည် ပထမဆုံး ဘုရား-လူအဖြစ် သခင်ယေရှု၏ စံနမူနာနောက်သို့ လိုက်ကြပြီး၊ သူတို့၏အလုပ်သည် ကိုယ်တော်၏ အသက်ရှင်ခြင်းဖြစ်၍ သူတို့၏ လှုပ်ရှားမှုသည် ကိုယ်တော်ဖြစ်ခြင်း ဖြစ်ခဲ့သည်။

a. သခင်ယေရှုနှင့်အတူ ကိုယ်တော်၏အသက်၊ ကိုယ်တော်၏အလုပ်၊ ကိုယ်တော်၏လုပ်ရှားမှုတို့အကြား မည်သည့်ခြားနားမှုမျှ မရှိခဲ့ပါ။
b. ခရစ်တော်၏ ပုံတူပွားခြင်းဖြစ်သော တမန်တော်များသည်လည်း ထို့အတူပင်ဖြစ်သည်။ သူတို့က ယေရှုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းမှာ ယေရှုရှလင်မြို့သစ်ကို သူတို့ လုပ်ဆောင်ဖြစ်ပေါ်စေခြင်း၊ သူတို့ တည်ဆောက်ခြင်း ဖြစ်သည်။

B. ကျွန်ုပ်တို့သည် ဘုရားသခင့်ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် သွင်ပြင်သုံးခု၌ ကိုယ်တော်၏ ဘုရားဆိုင်ရာ တည်ဆောက်ခြင်းကို သယ်ဆောင်ရန် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ဖို့ လိုအပ်သည် (၁ကော၊၃း၉)။

1. ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်ဆိုင်ရာကယ်တင်ခြင်းနှင့်အတူ အသက်ပေးသောဝိညာဉ်တော် ဖြစ်တော်မူသည့် ခရစ်တော်၊ ချူမက်တစ်ခရစ်တော်အားဖြင့် အသင်းတော်များကို တည်စေရန်နှင့် ထိန်းကျောင်းရန် လိုအပ်သည် - တ၊၂၀း၁၈-၃၂။ ၁ပေ၊၅း၁-၃။ ၁ကော၊၁၅း၄၅ခ။ ရော၊၅း၁၀။
2. ကျွန်ုပ်တို့သည် ကိုယ်တော်၏ အရှိန်ခုနစ်ဆမြှင့်တင်ထားသော အသက်ဆိုင်ရာကယ်တင်ခြင်းနှင့်အတူ အရှိန်ခုနစ်ဆမြှင့်တင်ထားသည့် ဝိညာဉ်တော်အဖြစ် ခရစ်တော်အားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ကာ စေ့စပ်ထုံးဖွဲ့ရန် လိုအပ်သည် - ဧ၊၄း၁၁-၁၆။ ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆။
3. ကျွန်ုပ်တို့သည် ရွှေအောက်ခြေအဖြစ် ခမည်းတော်ဘုရားသခင်၊ ပုလဲတံခါးများအဖြစ် သားတော်ဘုရားသခင်၊ အဖိုးတန်ကျောက် မြို့ရိုးအဖြစ် ဝိညာဉ်တော်ဘုရားသခင်နှင့်အတူ ယေရှုရှလင်မြို့သစ်ကို အလှဆင်ကာ ပြီးမြောက်ပြည့်စုံစေရန် လိုအပ်ပြီး၊ ယင်းမှာ အသက်ရေမြစ်အဖြစ် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားဖြစ်သည့် ဝိညာဉ်တော်ကို သောက်သုံးခြင်း၊ ကိုယ်တော်၏ ကြွယ်ဝသော သစ်လွင်သော မစမှုနှင့်အတူ အသက်ပင်အဖြစ် အောင်မြင်သော ခြသေ့်-သိုးသငယ်ဖြစ်သော ခရစ်တော်ကို စားသုံးခြင်းတို့အားဖြင့် ဖြစ်သည် - ၂၁း၁၈၊ ၂၁၊ ၁၉။ ၂၂း၁-၂။

C. အသက်ကြီးသူများနှင့် လုပ်ဖော်ဆောင်ဖက်များအားလုံးသည် မိမိတို့ကိုယ်ပိုင်အလုပ်ကို မလုပ်သင့်တော့ပါ။ သူတို့သည် ယေရှုရှလင်မြို့သစ်၏ အလုပ်ကိုသာ လုပ်သင့်ပါသည်။

1. ကျွန်ုပ်တို့သည် တစ်ခုတည်းသောအလုပ်ဖြစ်သည့် ဘုရားသခင်၏ ရွေးချယ်လူများကို အသစ်မွေးဖွားခံသူများ၊ သန့်ရှင်းစင်ကြယ်ခံသူများ၊ အသစ်ပြုပြင်ခံသူများ၊ ပုံသဏ္ဌာန်ပြောင်းလဲသူများ၊ သဏ္ဌာန်တော်တူညီလာသူများနှင့် ဘုန်းထင်ရှားသူများဖြစ်စေရန်ဟူသော အလုပ်ကိုသာ လုပ်ရမည့်အကြောင်း မြင်ရမည်။ ယေရှုရှလင်မြို့သစ်၌ ရှိမည့်သူအားလုံးသည် ဤသို့သော လူများဖြစ်ကြသည်။
2. ဘုရားသခင်သည် ဘုရားသခင်၏ ရွေးချယ်ခံလူအား အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခံခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ ဘုရားသခင့် သားဦး၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီခြင်းနှင့် ဘုရားသခင်အားဖြင့် ဘုန်းထင်ရှားစေခြင်းရှိသောလူ ဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နေသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် တူညီလာခြင်းအဆင့်သို့ ရောက်သည့် အမြင့်ဆုံးအဆင့် ရောက်သည့်တိုင်အောင် တစ်ဆင့်ချင်း တစ်ဆင့်ချင်း တက်လှမ်းသွားကြသည်။ ထိုအခါ အသွေးအသား မရှိတော့၊ ဇာတိဖြစ်ခြင်း မရှိတော့။ အားလုံးမှာ ဝိညာဉ်၌ ရှိကြသည်၊ အားလုံးမှာ ကောင်းကင်များ၏နိုင်ငံတော်၌ ရှိကြသည်၊ အားလုံးသည် ယေရှုရှလင်မြို့သစ် ဖြစ်ခြင်းများ ဖြစ်ကြသည်။ ဤသည်မှာ အမြင့်ဆုံးသောအချက် ဖြစ်သည်။